ဘုရားရှင်။ ။"ရာဟုလာ....မုသားပြောဆိုဘို့ရန် မရှက်တတ်သော ရဟန်း သာမဏေတို့မှာလဲ (ဟောဒီရေနဲ့နေသလို ) ကိုယ်ကျင့်တရား နဲနဲကလေးသာရှိတယ်" လို့ မှတ်ထား။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ထဲမှ အနည်းငယ်သော ရေကို သွန်ပြီးလျှင် ရှင်ရာဟုလာကို မေးတော်မူပြန်သည်မှာ—"ရာဟုလာ....ရေခွက်ထဲ၌ ကျန်နေသော ရေအနည်းငယ်ကို သွန်ပစ်လိုက်ထာ မြင်ရဲ့လား။"

ရာဟုလာ။ ။မြင်ပါသည် အရှင်ဘုရား။

ဘုရားရှင်။ ။"ရာဟုလာ....မုသားပြောရမှာကို မရှက်တတ်သော ရဟန်း သာမဏေတို့မှာလဲ (ရေကျန်နဲနဲကလေးကို သွန်ပစ်လိုက်သလို) ကိုယ်ကျင့်တရားကို သွန်ပစ်ရာရောက်တယ်" လို့ မှတ်ထား။ [ "သူ့မှာ ကိုယ်ကျင့်တရား ဘာမျှမရှိတော့ဘူး" ဟု မိန့်တော်မူလိုသည်။]

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ကို မှောက်လိုက်ပြီးလျှင်–ရှင်ရာဟုလာကို မေးတော်မူပြန်သည်မှာ–"ရာဟုလာ....ဟောဒီရေခွက် မှောက်နေတာကို မြင်ရဲ့လား။"

ရာဟုလာ။ ။မြင်ပါတယ် အရှင်ဘုရား။

ဘုရားရှင်။ ။"ရာဟုလာ....မုသားပြောရမှာကို မရှက်တတ်သော ရဟန်း သာမဏေတို့မှာလဲ (ဟောဒီရေခွက်ကို မှောက်ထားသလို ) ကိုယ်ကျင့်တရားတွေကို မှောက်ပစ်လိုက်ရာရောက်တယ်" လို့ မှတ်ထား။